ISP ကပြင်ရပ်ဝန်း

ISP EXPLAINER

China Studies

အမှတ်-၅ ၊ ဩဂုတ် ၁၁ ရက်၊ ၂၀၂၃ ခုနှစ်

# စစ်ကောင်စီ၏ ရွေးကောက်ပွဲအစီအစဉ်နှင့် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှု

ISP-Myanmar က စုစည်းထားတဲ့ မြန်မာ-တရုတ်ဆက်ဆံရေး ရက်စဉ်မှတ်တမ်းကို အခြေခံပြီး ဒီကာလအတွင်း အာရုံစိုက်စရာဖြစ်ရပ်တွေကို ဖော်ပြပါမယ်။ စစ်ကောင်စီက သူ့သက်တမ်းကို နောက်ထပ်ခြောက်လတိုးခဲ့သလို **ရွေးကောက်ပွဲလုပ်နိုင်ရေးကိုလည်း ပထမဦးစားပေး လုပ်ငန်းစဉ်အဖြစ်** ပြောင်းလိုက်ပါတယ်။ တချိန်တည်းမှာ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ် ဖြစ်မြောက်စေဖို့ **တရုတ်နိုင်ငံဘက်က ကူညီပံ့ပိုးတာတွေကို ခပ်စိပ်စိပ် တွေ့လာရ**ပါတယ်။ အခြားတဖက်မှာတော့ **နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတွေအပေါ် စစ်ကောင်စီရဲ့ကိုင်တွယ်မှုကို တရုတ်အစိုးရက အားမလိုအားမရဖြစ်နေ**ပေမဲ့ စီးပွားရေးစင်္ကြံစီမံကိန်းအတွက် နှစ်နိုင်ငံ **စံနှုန်းဆိုင်ရာပေါင်းစည်းရေး**၊ တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်ရဲ့ကမ္ဘာလုံးဆိုင်ရာ အစီအမံသုံးရပ်ကို မြန်မာလူထုအကြား **စိမ့်ဝင်ပျံ့နှံ့ထောက်ခံလာရေး** ကြိုးပမ်းမှုတွေအပြင် အာဆီယံ-တရုတ် ဖိုရမ်တွေကတဆင့် **စစ်ကောင်စီ ပါဝင်နိုင်ရေး** လုပ်ဆောင်ချက်တွေကိုလည်း မြင်ရပါတယ်။

# အကြောင်းအရာ ၄၄ ခု အနှစ်ချုပ်

ISP-Myanmar က စုစည်းလေ့လာခဲ့တဲ့ မြန်မာ-တရုတ် ဆက်ဆံရေး ရက်စွဲမှတ်တမ်းတွေကို ပိုင်းခြားတဲ့အခါ **၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း**မှာ အကြောင်းအရာ ၄၄ ခု ရှိတာကို တွေ့ရပါတယ် **(ဇယားကို ရှုပါ)**။ ဒီအကြောင်းအရာတွေထဲမှာ နိုင်ငံရေးဘောဂဗေဒနဲ့ သံတမန်ရေးကိစ္စရပ်တွေ လွှမ်းမိုးခဲ့ပြီး **အာရုံစိုက်စရာ ဖြစ်ရပ်ငါးခု**ကို လိုတိုရှင်း ဖော်ပြပါမယ်။

## ■ မြန်မာ-တရုတ်ဆက်ဆံရေးတွင် လွှမ်းမိုးခဲ့သည့်အကြောင်းအရာများ ဆန်းစစ်ချက် (၂၀၂၃ ခုနှစ် ဇူလိုင်လ)

| စဉ် | အကြောင်းအရာ | ဖြစ်ရပ်အရေအတွက် |
|---|---|---|
| ၁။ | ပထဝီနိုင်ငံရေး | ၄ ခု |
| ၂။ | နိုင်ငံရေးဘောဂဗေဒ | ၁၉ ခု |
| ၃။ | သံတမန်ရေး | ၉ ခု |
| ၄။ | ကာကွယ်ရေးနှင့် လုံခြုံရေး | ၁ ခု |
| ၅။ | ပဋိပက္ခနှင့် ငြိမ်းချမ်းရေး | ၂ ခု |
| ၆။ | ဆွဲဆောင်မှုကိုအသုံးပြုသော အာဏာသြဇာ (Soft Power) | ၅ ခု |
| ၇။ | စီမံအုပ်ချုပ်မှု၊ မူဝါဒနှင့် စံနှုန်းဆိုင်ရာပေါင်းစည်းရေး | ၂ ခု |
| ၈။ | လူမှုရေးနှင့် လူ့အခွင့်အရေး | ၁ ခု |
| ၉။ | နိုင်ငံဖြတ်ကျော်မှုခင်းများ | ၁ ခု |
| | စုစုပေါင်း | ၄၄ ခု |

စစ်အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်၏ တုံ့ပြန်မှု ရက်စွဲမှတ်တမ်း

SCAN THIS CODE

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာ-တရုတ်ဆက်ဆံရေးကို လေ့လာရာ၌ အထောက်အကူဖြစ်စေရန် ISP-Myanmar က စုဆောင်းထားသော ရက်စွဲမှတ်တမ်း ➤

## ၁။ စစ်ကောင်စီ၏ ရွေးကောက်ပွဲနှင့် တရုတ်နိုင်ငံ၏ အားပေးမှု

စစ်ကောင်စီက သူ့သက်တမ်းကို နောက်ထပ်ခြောက်လတိုးခဲ့သလို ရွေးကောက်ပွဲလုပ်နိုင်ရေးကိုလည်း ပထမဦးစားပေး လုပ်ငန်းစဉ်အဖြစ် ပြောင်းလိုက်ပါတယ်။ တချိန်တည်းမှာ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဖြစ်မြောက်စေဖို့ တရုတ်နိုင်ငံဘက်က ကူညီပံ့ပိုးတာတွေကို ခပ်စိပ်စိပ်တွေ့လာရပါတယ်။ ဒါဟာ မြန်မာ့အရေးနဲ့ပတ်သက်ပြီး တစိတ်တပိုင်း အာဆီယံချဉ်းကပ်မှု (ASEAN Minus) လမ်းကြောင်းသစ် ပေါ်ထွန်းလာခြင်း (ISP Insight Email **အမှတ်-၂၀ ကိုရှုပါ**) နဲ့အတူ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲဖြစ်စေဖို့ တရုတ်နိုင်ငံက လိုလားတယ်ဆိုတဲ့ ပြောဆိုမှုတွေနဲ့ပါ ဆက်နွှယ်နေပါတယ်။

၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်းမှာ စစ်ကောင်စီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီရဲ့ နိုင်ငံတကာဆက်ဆံရေးဌာနက ဖိတ်ကြားခဲ့ပါတယ်။ စစ်ကောင်စီ ရွေးကောက်ပွဲကော်မရှင်ဟာ မကြာသေးခင်ကလည်း ကမ္ဘောဒီးယားနိုင်ငံကို သွားရောက်ခဲ့ပြီး တရုတ်နိုင်ငံကိုသွားခြင်းက ဒုတိယမြောက် နိုင်ငံခြား လေ့လာရေးခရီးဖြစ်ပါတယ်။ ခရီးစဉ်မှာ တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်မူဝါဒ၊ ရပ်ဝန်းလမ်းကြောင်းအစီအမံ၊ ပါတီတည်ထောင်ခြင်းနဲ့ ရွေးကောက်ပွဲကျင်းပပုံ နည်းလမ်းတွေကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီခရီးစဉ်ဟာ တရုတ်နိုင်ငံ နန်နင်းမြို့အခြေစိုက် စစ်ကောင်စီ ကောင်စစ်ဝန်ချုပ်က ကွမ်ရှီး(ကွမ်း) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယ ဥက္ကဋ္ဌ ... ညွှန်ကြားရေးမှူးကို တွေ့ဆုံပြီး မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကျင်းပရေးနဲ့ အာဆီယံ ဘုံသဘောတူညီချက်ငါးရပ် (5PC) အကောင်အထည်ဖော်ရေး အခြေအနေတွေ ရှင်းပြခဲ့ပြီး နောက်ပိုင်း ပေါ်ပေါက်ခဲ့တာလည်းဖြစ်ပါတယ်။ ဒါ့အပြင် ဒီခရီးစဉ်အပြီး ဩဂုတ် ၁ ရက်မှာတော့ ရွေးကောက်ပွဲဝင်ဖို့ပြင်ဆင်နေတဲ့ တိုင်းရင်းသား နိုင်ငံရေးပါတီတွေကို တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီရဲ့ နိုင်ငံတကာဆက်ဆံရေးဌာနက ဖိတ်ခေါ်ပြီး မြန်မာ့နိုင်ငံရေးပါတီတွေနဲ့ တရုတ်ကွန်မြူနစ်ပါတီအကြား သက်ဆိုင်ရာ ပြည်နယ်အလိုက် စီမံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ အတွေ့အကြုံတွေ အပြန်အလှန်ဖလှယ်ကြဖို့နဲ့ မြန်မာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းကြဖို့ တိုက်တွန်းခဲ့ပါတယ်။

တရုတ်နိုင်ငံကို ဖိတ်ခေါ်မှုတွေမလုပ်ခင် ၂၀၂၃ ခုနှစ် မတ်လတုန်းကလည်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ် မစ္စတာချန်းဟိုင်က စစ်ကောင်စီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနဲ့တွေ့ဆုံပြီး ရွေးကောက်ပွဲလုပ်နိုင်ရေး နိုင်ငံရေးပါတီတွေရဲ့ ပြင်ဆင်မှုအခြေအနေကို မေးခဲ့တာရှိပါတယ်။ အဲဒီလိုသွားမမေးခင် ၂၀၂၂ ခုနှစ် ဧပြီလ

- မှာလည်း ရွေးကောက်ပွဲဆိုင်ရာဥပဒေနဲ့ နည်းဥပဒေ ပြင်ဆင်ပြဋ္ဌာန်းရေး၊ မဲစာရင်းပြုစုရေးနဲ့ နိုင်ငံရေးပါတီတွေ စိစစ်ရေးအခြေအနေတွေကို သွားမေးခဲ့ပါသေးတယ်။

## စစ်ကောင်စီ ရွေးကောက်ပွဲအစီအစဉ်နှင့် တရုတ်နိုင်ငံ၏ ပါဝင်ပတ်သက်မှု
(၂၀၂၂ ခုနှစ် မေ ၂၀ မှ ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်အထိ)

**၂၀၂၂ မေ ၂၀**
ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဥပဒေနှင့် နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းရေး၊မဲဆန္ဒရှင်စာရင်းများပြုစုရေး၊နိုင်ငံရေးပါတီများစိစစ်ရေးအခြေအနေများကို သိရှိနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးထံသို့ တရုတ်သံအမတ် မစ္စတာချန်းဟိုင် သွားရောက်မေးမြန်း။

**၂၀၂၃ မတ် ၈**
ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၏ ပြင်ဆင်မှုအခြေအနေများအား သိနိုင်ရန် စစ်ကောင်စီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးထံသို့ တရုတ်သံအမတ် မစ္စတာချန်းဟိုင် သွားရောက်မေးမြန်းခဲ့။

**၂၀၂၃ ဇူလိုင် ၂၁**
ကွမ်ရှီး(ကျွမ်း)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ဆုန်ဟိုင်ကျွမ့်ကို နန်နင်းမြို့အခြေစိုက် စစ်ကောင်စီ ကောင်စစ်ဝန်ချုပ် ဦးကျော်စိုးသိန်း တွေ့ဆုံခဲ့ပြီး ရွေးကောက်ပွဲကျင်းပရေးနှင့် အာဆီယံ ဘုံသဘောတူညီချက်ငါးရပ် (5PC) အကောင်အထည်ဖော်ရေး အခြေအနေများအား တင်ပြခဲ့။

**၂၀၂၃ ဇူလိုင် ၂၆**
တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီရဲ့ နိုင်ငံတကာဆက်ဆံရေးဌာန၏ ဖိတ်ကြားချက်အရ စစ်ကောင်စီ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းနှင့်အဖွဲ့ တရုတ်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့။

**၂၀၂၃ ဩဂုတ် ၁**
ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေသော တိုင်းရင်းသား နိုင်ငံရေးပါတီများအား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာနက ဖိတ်ခေါ်ခဲ့။

## ၂။ စီးပွားရေးစကြံ့စီမံကိန်းနှင့် စံနှုန်းဆိုင်ရာပေါင်းစည်းရေး

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း လုပ်ဆောင်မှုတွေနဲ့အတူ စံနှုန်းဆိုင်ရာပေါင်းစည်းရေး (Standardization) ကိစ္စရပ်တွေလုပ်ဖို့လည်း တရုတ်နိုင်ငံဘက်က ကြိုးပမ်းလာပါတယ်။ ဒီအတွက် မြန်မာနိုင်ငံနဲ့ထိစပ်နေတဲ့ ယူနန်ပြည်နယ်၊ တယ်ဟုန်းခရိုင်နဲ့ ဦးစွာလုပ်ဆောင်ခဲ့ကြပါတယ်။ တချိန်တည်းမှာပဲ မန်စီ-မန္တလေးလေကြောင်းလိုင်း တိုးချဲ့ပျံသန်းရေး၊ နှစ်နိုင်ငံရထားလမ်း ဖောက်လုပ်ချိတ်ဆက်ရေးနဲ့ တရုတ်ထွက်ကုန်တွေကို ရန်ကုန်ဆိပ်ကမ်းကတဆင့် ဖြတ်သန်းတင်ပို့ရေး ကိစ္စရပ်သုံးခုကို တယ်ဟုန်းခရိုင်ပြည်သူ့အစိုးရနဲ့ စစ်ကောင်စီအကြား ဇူလိုင် ၂၆ ရက်မှာ ဆွေးနွေးခဲ့ပါတယ်။ ဒီမတိုင်ခင် ဇူလိုင် ၂၄-၂၅ ရက်တွေမှာ တယ်ဟုန်းခရိုင် လမ်းတံတားနဲ့ အခြေခံအဆောက်အအုံတည်ဆောက်ရေးတွေ ပူးပေါင်းပါဝင်ဖို့၊ နှစ်နိုင်ငံ ထောက်ပံ့ပို့ဆောင်ရေးကိစ္စတွေ ချောမွေ့အောင် ပူးပေါင်းလုပ်ဆောင်ဖို့နဲ့ မြန်မာ့ထွက်ကုန်တွေ တရုတ်ဈေးကွက်တင်ပို့ဖို့ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းကို တယ်ဟုန်းခရိုင်အစိုးရက တိုက်တွန်းခဲ့ပါတယ်။ မြန်မာနိုင်ငံက ထွက်ရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေထွက်ပစ္စည်းနဲ့ တွင်းထွက်ပစ္စည်းတွေကို သမားရိုးကျ ကုန်သွယ်ရေးနဲ့ဖြစ်စေ၊ အွန်လိုင်းဈေးကွက်နဲ့ဖြစ်စေ တရုတ်ဈေးကွက်ဆီ ပိုမိုတင်ပို့ရောင်းချကြဖို့လည်း အဆိုပြုခဲ့ပါတယ်။ နောက်ဆက်တွဲအဖြစ် တရုတ်နိုင်ငံကိုတင်ပို့မယ့် ကုန်စည် ၁၈ မျိုးအတွက် မြန်မာကုန်သည်တွေအနေနဲ့ တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) မှာ ကိုယ်တိုင် မှတ်ပုံတင်လျှောက်ထားဖို့နဲ့ တခြားကုန်စည် ခုနစ်မျိုးအတွက်လည်း ဌာနဆိုင်ရာ ထောက်ခံချက်နဲ့အတူ မှတ်ပုံတင်လျှောက်ဖို့ ဩဂုတ် ၇ ရက်မှာ စစ်ကောင်စီက သတင်းထုတ်ပြန်ခဲ့ပါတယ်။

ဒီကာလအတွင်းမှာပဲ မြန်မာ-တရုတ်နယ်နိမိတ်ပူးတွဲစစ်ဆေးရေး (Joint Inspection of China-Myanmar Boundary) လုပ်ဖို့ တရုတ်နိုင်ငံနဲ့ စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတွေအကြား တွေ့ဆုံခဲ့ပါတယ်။ ဒီတွေ့ဆုံမှုမှာ မြန်မာ-တရုတ် နယ်နိမိတ်ပူးတွဲစစ်ဆေးရေးအတွက် နယ်နိမိတ်တလျှောက် ရိုက်ကူးထားတဲ့ ကောင်းကင်ဓာတ်ပုံနဲ့ နည်းပညာဆိုင်ရာကိစ္စတွေ ပြောခဲ့ကြပါတယ်။ ၁၉၆၁ ခုနှစ် တရုတ်-မြန်မာ နယ်နိမိတ်အခြေပြစာချုပ်အရ နှစ်နိုင်ငံနယ်နိမိတ်ကို ငါးနှစ်တကြိမ် ပူးတွဲစစ်ဆေးဖို့ သဘောတူထားပေမဲ့ ၁၉၈၄-၈၆ နဲ့ ၁၉၉၂-၉၅ ကာလတွေမှာ နှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပါတယ်။ တတိယအကြိမ်လုပ်ဖို့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက်မှာ စတင်ပြင်ဆင်ခဲ့ပေမဲ့ မပြီးသေးပါဘူး။ ဒါကို စစ်ကောင်စီက ဆက်လုပ်ခဲ့တာဖြစ်ပြီး အခုတွေ့ဆုံမှုဟာ အာဏာသိမ်းပြီးနောက်ပိုင်း ပထမဆုံးဖြစ်ပါတယ်။ ဒါဟာ ▶

- ကိုဗစ်အလွန် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ဖို့ ကြိုးပမ်းနေတာနဲ့လည်း တိုက်ဆိုင်နေပါတယ် (ISP Explainer **အမှတ်-၄ ကိုရှုပါ**)။

တခါ တရုတ်နိုင်ငံ စက်မှုမြို့တော်တခုဖြစ်တဲ့ ကျီလင်မြို့နဲ့ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တို့ကို မောင်နှမမြို့အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ကျီလင်မြို့ဟာ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းရဲ့အစိတ်အပိုင်းဖြစ်တဲ့ကျောက်ဖြူအထူးစီးပွားရေးဇုန်တည်ဆောက်ရေးမှာ အရေးပါလာနိုင်တဲ့ မြို့တမြို့ဖြစ်ပါတယ်။

SCAN THIS CODE

**အထိုင်သစ်ပြန်ချလာသော တရုတ်၏ မြန်မာ့အရေးမူဝါဒ**

တရုတ်လမ်းထွင်သည့် နိုင်ငံရေးထွက်ပေါက်ကို စစ်ကောင်စီ အလိုက်သင့်လက်ခံမည်လော

ISP On Point အမှတ် - ၁၄

SCAN THIS CODE

**ကုန်သွယ်ရေးစင်္ကြံ (ILSTC) တည်ဆောက်မှု**

စစ်ကောင်စီနှင့် တရုတ်နိုင်ငံအကြား လုံခြုံရေး၊ သံတမန်ရေး ပူးပေါင်းဆောင်ရွက်မှုပိုလုပ်လာ

ISP Explainer အမှတ် - ၄

## ၃။ ကမ္ဘာလုံးဆိုင်ရာအစီအမံများတွင် မြန်မာ ပိုမိုပါဝင်ရေးကြိုးပမ်း

တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ ကမ္ဘာလုံးဆိုင်ရာ အစီအမံသုံးရပ်ကို မြန်မာလူထုအကြား စိမ့်ဝင်ပျံ့နှံ့ထောက်ခံလာအောင် သတင်းမီဒီယာတွေကတဆင့် လုပ်ဆောင်ဖို့ တရုတ်အစိုးရဘက်က တိုးမြှင့် လုပ်ဆောင်လာပါတယ်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်နှင့် သဘင်အစည်းအရုံးအပါအဝင် Sky Net ရုပ်သံလိုင်းပိုင်ရှင် ရွှေသံလွင်ကုမ္ပဏီတို့နဲ့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံမှူးက ဇူလိုင် ပထမပတ်အတွင်းမှာ တွေ့ဆုံခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံ (Global Civilization Initiative - GCI) နဲ့ ပတ်သက်တာတွေ ဖြန့်ဝေပေးဖို့ ပြောခဲ့ပါတယ်။ မေလအတွင်းကလည်း တရုတ်-မြန်မာ နှစ်နိုင်ငံမီဒီယာအဖွဲ့အစည်း ၂၀ နီးပါးကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ဖိတ်ခေါ်ပြီး ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (Global Security Initiative - GSI) ကို ရှင်းပြခဲ့ပါသေးတယ်။

GSI အခြေခံမှုတွေကို စစ်ကောင်စီက ထောက်ခံထားပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး (LMC) ဒေသတွင်း ပေါင်းစည်းရေး စီမံကိန်းတွေနဲ့ တွဲချိတ် အကောင်အထည်ဖော်ဖို့ ကြိုးပမ်းနေပါတယ်။ လန်ချန်း-မဲခေါင်ဒေသမှာ GSI စမ်းသပ်ဇုန်ကို တရုတ်နိုင်ငံက တည်ဆောက်ပြီး နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုတွေကို ဖြိုခွင်းသွားမယ်၊ LMC စီမံကိန်းတွေကနေတဆင့် GDI နဲ့ GCI အစီအမံတွေကို လက်တွေ့ဖော်ဆောင်နေပြီလို့လည်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးတာဝန်ရှိသူတွေက ပြောပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဦးစားပေးလုပ်မယ့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (Global Development Initiative - GDI) ဖိုရမ်တွေမှာ စစ်ကောင်စီ တက်ခွင့်ရနေပြီး ဇူလိုင် ၉-၁၀ ရက်က ဘေဂျင်းမြို့မှာလုပ်တဲ့ 'ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်' ပထမအကြိမ် အဆင့်မြင့်ညီလာခံကိုလည်း စစ်ကောင်စီ တက်ခဲ့ပါတယ်။

တချိန်တည်းမှာပဲ 'သမားရိုးကျမဟုတ်သော လုံခြုံရေးပြဿနာ' အဖြစ် သတ်မှတ်ထားတဲ့ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုစာရင်းဝင် အွန်လိုင်းငွေကြေးလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားနဲ့ လူကုန်ကူးမှုတွေကို နှိမ်နင်းဖို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံတွေနဲ့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (MISIS) တို့ ဇူလိုင် ၁၄ ရက်မှာ ဆွေးနွေးပွဲလုပ်ခဲ့ပါတယ်။

## ၄။ ပြည်တွင်းနှင့် နယ်စပ်တည်ငြိမ်ရေး စစ်ကောင်စီကို တိုက်တွန်း

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်း (Mr. Deng Xijun) ဟာ ဇူလိုင်နောက်ဆုံးပတ်အတွင်း မြန်မာနိုင်ငံကို လာခဲ့ပါတယ်။ ဒါဟာ တတိယအကြိမ်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရခဲ့တဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမုဒ်ဝိနိုင်းရဲ့ ခရီးစဉ်နောက်ပိုင်း ရောက်လာတာပါ။ မစ္စတာတိန့်ရှီကျွန်းနဲ့ စစ်ကောင်စီအကြားဆွေးနွေးမှုမှာ မြန်မာ့နိုင်ငံရေးအခြေအနေ၊ စီးပွားရေး စီမံကိန်းအရှိန်မြှင့်တည်ဆောက်ရေး၊ မိုခါမုန်တိုင်းဒဏ်သင့်ဒေသတွေကို အကူအညီပေးရေးနဲ့ ရိုဟင်ဂျာပြန်လည်လက်ခံရေးကိစ္စတွေ ပါဝင်ပါတယ်။ နယ်စပ်တလျှောက် အွန်လိုင်းလောင်းကစားနဲ့ လိမ်လည်မှုတွေကို နှစ်နိုင်ငံပူးတွဲနှိမ်နင်းဖို့ ဆွေးနွေးခဲ့ကြပါတယ်။ ဒီခရီးစဉ်မှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရတဲ့အထောက်အထား မတွေ့ရပါဘူး။

တဖက်မှာလည်း စစ်ကောင်စီဖော်ဆောင်နေတဲ့ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုတိုက်ဖျက်ရေး အစီအမံအပေါ် တရုတ်အစိုးရက အားမလိုအားမရ ဖြစ်နေပါတယ်။ မြန်မာနိုင်ငံ

မြောက်ပိုင်းအပါအဝင် နယ်စပ်ဒေသတွေမှာ ဆက်သွယ်ရေး လိမ်လည်မှု၊ အွန်လိုင်းလောင်းကစားတွေ ဆက်များနေတယ်။ ဒါတွေကို အိမ်နီးချင်းနိုင်ငံတွေနဲ့ပေါင်းပြီး တိုက်ဖျက်နှိမ်နင်းသင့်တယ်လို့ တရုတ်သံအမတ် မစ္စတာချန်းဟိုင်က ဇူလိုင် ၂၅ ရက်မှာ စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေကို ပြောခဲ့ပါတယ်။ ဒါ့အပြင် ရာဇဝတ်ဂိုဏ်းတွေ ခိုအောင်းနေတဲ့နေရာမှာ ပိတ်မိနေတဲ့ တရုတ်နိုင်ငံသားတွေကို ကယ်တင်ပြီး မြန်မာနိုင်ငံတွင်းမှာလည်း အွန်လိုင်းလောင်းကစား အကြွင်းအကျန်တွေကို အမြစ်ဖြတ်ပစ်ရမယ်လို့ ဆက်ပြောခဲ့ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အွန်လိုင်းလောင်းကစားဂိုဏ်းတွေကို တိုက်ဖျက်ဖို့ပြောနေတာဟာ မြန်မာနိုင်ငံတခုတည်းတော့ မဟုတ်ပါဘူး။ ဩဂုတ် ၈ ရက်ကလည်း တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ အမျိုးသားလူဝင်မှုကြီးကြပ်ရေး အုပ်ချုပ်မှုအဖွဲ့ကော်မရှင်နာ မစ္စတာရှူကန်းလူ (Xu Ganlu) က ထိုင်းနိုင်ငံ အိမ်စောင့်အစိုးရ ဒုတိယဝန်ကြီးချုပ် ပရာဝစ် ဝန်ဆူဝမ်ကိုတွေ့ဆုံပြီး နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေ၊ အွန်လိုင်းလောင်းကစားဂိုဏ်းတွေနဲ့ ဆက်သွယ်ရေးလိမ်လည်မှုတွေကို အတူတကွတိုက်ဖျက်ဖို့ သဘောတူခဲ့ပါတယ်။

ဒီမတိုင်ခင် ဇူလိုင်လဆန်းမှာပဲ တရုတ်နိုင်ငံနဲ့ နီးစပ်တယ်လို့ အညွှန်းခံရလေ့ရှိတဲ့ ညီနောင်မဟာမိတ်သုံးဖွဲ့က ပူးတွဲကြေညာချက် ထုတ်ပြန်ပြီး သူတို့ထိန်းချုပ်နယ်မြေနဲ့ လှုပ်ရှားနယ်မြေတွေအတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ ရာဇဝတ်မှုတွေ ချေမှုန်းရေးမှာ ပူးပေါင်းကြဖို့ တိုက်တွန်းခဲ့ပါတယ်။ အချက်ရှစ်ချက်ပါတဲ့ သူတို့ရဲ့ ကြေညာချက်ထဲမှာ နိုင်ငံတကာက လာရောက်ရင်းနှီးမြှုပ်နှံတဲ့ စီမံကိန်းတွေကို နှောင့်ယှက်ဖျက်ဆီးသူတွေ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ (သို့မဟုတ်) လူပုဂ္ဂိုလ်တွေကို အနှောင့်အယှက်ပေးသူတွေ၊ ဆက်ကြေးတောင်းသူတွေ၊ လူကုန်ကူးသူနဲ့ အတင်းအဓမ္မ လုပ်အားခိုင်းစေသူတွေကို ထိထိရောက်ရောက် အရေးယူမယ်ဆိုတဲ့ အချက်တွေလည်း ပါဝင်ခဲ့ပါတယ်။

## ၅။ အာဆီယံ-တရုတ် ဖိုရမ်ဆက်ဆံရေးမှတဆင့် ပူးပေါင်းမှုအရှိန်မြှင့်

အာဆီယံ-တရုတ် ဆက်ဆံရေး ပလက်ဖောင်းတခုဖြစ်တဲ့ အာဆီယံ-တရုတ် ဗဟိုဌာန (ASEAN-China Centre - ACC) ကို အသုံးပြုပြီး တရုတ်နိုင်ငံဟာ စစ်ကောင်စီဝန်ကြီးတွေနဲ့ ပူးပေါင်းမှုပိုလုပ်လာပါတယ်။ တရုတ်နိုင်ငံနဲ့ အာဆီယံနိုင်ငံတွေအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ သတင်းအချက်အလက်နဲ့ မီဒီယာကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ရည်ရွယ်တဲ့ တရုတ်-အာဆီယံဖိုရမ် ငါးခုထက်မနည်းကို ဇူလိုင်လအတွင်းမှာပဲ ACC က လုပ်ခဲ့ပါတယ်။ ဒီဖိုရမ်တွေကို စစ်ကောင်စီ

ရဲ့ သက်ဆိုင်ရာဝန်ကြီးတွေ တက်ခဲ့ပါတယ်။ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) တွေအတွက် နည်းပညာရရှိရေး၊ မြန်မာ့ ဒစ်ဂျစ်တယ် စီးပွားရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်မှုစင်တာ (Myanmar Digital Economy Innovation and Entrepreneurship Center) တည်ထောင်ရေး၊ ကွမ်ရှီး-မြန်မာ စံနှုန်းပေါင်းစည်းရေးနဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာအပါအဝင် အာဆီယံ-တရုတ် မဟာပင်လယ်အော်ဒေသ (ကျန်းဟိုင်) စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စတွေကိုလည်း စစ်ကောင်စီဝန်ကြီးတွေက အဓိကဆွေးနွေးခဲ့ကြပါတယ်။

ဒ့ါအပြင် ACC အတွင်းရေးမှူးချုပ် မစ္စတာရှီကျုံးကျွန်း (Mr. Shi Zhongjun) ကိုယ်တိုင် နေပြည်တော်ကိုလာခဲ့ပြီး စစ်ကောင်စီ နိုင်ငံခြားရေး၊ ပညာရေး၊ ဟိုတယ်နဲ့ခရီးသွားလာရေးဝန်ကြီးတွေနဲ့ တွေ့ခဲ့ပါတယ်။ တခါ တရုတ်-အာဆီယံ ဥပဒေရေးရာ သုတေသနစင်တာ (China-ASEAN Legal Research Center)နဲ့ စစ်ကောင်စီ ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား ဥပဒေဆိုင်ရာ သုတေသနနဲ့ ဥပဒေအသိပညာ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ဖို့ ရည်ရွယ်တဲ့ နားလည်မှုစာချွန်လွှာ (MoU)ကိုလည်း တရုတ်နိုင်ငံ ချုံချင့်မြို့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ တရုတ်နဲ့ မြန်မာနိုင်ငံအကြား တရားဥပဒေစနစ်၊ နိုင်ငံရေးမူဝါဒ၊ ဘာသာစကားနဲ့ ဓလေ့ထုံးတမ်းတွေကို အပြန်အလှန်လေ့လာရေး လုပ်သွားမယ်လို့ စစ်ကောင်စီ ဥပဒေရေးရာဝန်ကြီး ဒေါက်တာသီတာဦးက ဆိုပါတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံဟာ အာဆီယံ-တရုတ် ဆက်ဆံရေးကတဆင့် စစ်ကောင်စီပါဝင်မှု ပိုကျယ်ပြန့်လာအောင် လုပ်လာတာ မြင်သာပါတယ်။

တချိန်တည်းမှာပဲ ဇူလိုင်လအတွင်းက အင်ဒိုနီးရှားမှာလုပ်ခဲ့တဲ့ အာဆီယံ ဒေသတွင်းဖိုရမ်မှာ တရုတ်နိုင်ငံရဲ့ တကျော့ပြန်နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာတဲ့ မစ္စတာဝမ်ယိ (Wang Yi)နဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမုဒ်ဝိနိုင်းတို့ တွေ့ဆုံချိန် မြန်မာ့အရေး ပြောဆိုမှုတွေကလည်း စိတ်ဝင်စားစရာပါ။ မြန်မာ့အရေး ထိုင်းနိုင်ငံရဲ့ လက်တွေ့ကျတဲ့ ဖြေရှင်းမှုတွေနဲ့ နောက်ဆုံးခရီးစဉ်ကို အလေးထားကြောင်း၊ အာဆီယံရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့အတူ ရပ်တည်ကြောင်း၊ တရုတ်နိုင်ငံကလည်း ကိုယ်ပိုင်နည်းလမ်းနဲ့ အပြုသဘောဆောင်တဲ့ အခန်းကဏ္ဍကနေ ဆက်ပါမယ်လို့ မစ္စတာဝမ်ယိက ပြောခဲ့ပါတယ်။ မြန်မာ့အရေးမှာ အာဆီယံရဲ့ ကြိုးပမ်းချက်အပြင် အိမ်နီးချင်းသံတမန်ရေး (Neighbour-hood Diplomacy) နဲ့ ချဉ်းကပ်ဖို့ ထိုင်းနဲ့ တရုတ်နိုင်ငံတွေက ပိုပြီး အားစိုက်နေတာကို တွေ့ရပါတယ် (ISP OnPoint **အမှတ်-၁၄ ကိုရှုပါ**)။

မှတ်ချက် ။ အောက်ခြေမှတ်စုများနှင့် ကိုးကားစာရင်းအပါအဝင် ရက်စွဲမှတ်တမ်းအပြည့်အစုံကို ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်။

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202